## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်–

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၂)(ဆေးဝါး)/ဒု–ကြီးကြပ်ရေးမှူး(ဆေးဝါး)<br>(လစာနှုန်း၊၂၁၆၀၀၀ –၂၀၀၀–၂၂၆၀၀၀) | (၂၀)နေရာ | B.Pharm,<br>M.Sc(Chemistry),<br>M.Sc(Industrial Chemistry) |
| (ခ) | ဒု–ကြီးကြပ်ရေးမှူး(အစားအသောက်)<br>(လစာနှုန်း၊၂၁၆၀၀၀ –၂၀၀၀–၂၂၆၀၀၀) | (၁၅)နေရာ | B.V.Sc,M.Sc(Industrial Chemistry),<br>M.Sc(Food Biotechnology),<br>M.Sc( Biochemistry),B.Comm.H,<br>B.Agr.Sc, အခြေခံသိပ္ပံဘွဲ့တစ်ခုခုနှင့် Post graduate. D.F.T |
| (ဂ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၂)<br>(လစာနှုန်း၊၂၁၆၀၀၀ –၂၀၀၀–၂၂၆၀၀၀) | (၁၀)နေရာ | B.E(Chemical), B.Med.Tech,<br>Master of Food Technology,<br>M.Sc(Chemistry),<br>M.Sc(Industrial Chemistry) |
| (ဃ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၄)<br>(လစာနှုန်း၊ ၁၈၀၀၀၀ –၂၀၀၀–၁၉၀၀၀၀) | (၂၀)နေရာ | Grade II (Laboratory Technician) အောင်မြင်ပြီးသူ/ တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (င) | ယာဉ်မောင်း(၅)<br>(လစာနှုန်း၊ ၁၆၂၀၀၀ –၂၀၀၀–၁၇၂၀၀၀) | (၁၀)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီး ယာဉ်မောင်းလိုင်စင်(ခ)ရရှိပြီး အနည်းဆုံး လိုင်စင်သက်တမ်း(၂)နှစ်ရှိသူဖြစ်ရမည်။ |
| (စ) | ရုံးအကူ<br>(လစာနှုန်း၊ ၁၄၄၀၀၀ –၂၀၀၀–၁၅၄၀၀၀) | (၁၀)နေရာ | အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (ဆ) | လုပ်သား(ဓာတ်ခွဲ) (လစာနှုန်း၊ ၁၄၄၀၀ဝိ – ၂၀၀၀–၁၅၄၀၀ဝိ) | (၁၀) နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| (ဇ) | သန့်ရှင်းရေးအကူ (လစာနှုန်း၊ ၁၄၄၀၀ဝိ – ၂၀၀၀–၁၅၄၀၀ဝိ) | (၅) နေရာ | အခြေခံပညာမူလတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| (ဈ) | လုပ်သား(အစောင့်) (လစာနှုန်း၊ ၁၄၄၀၀ဝိ – ၂၀၀၀–၁၅၄၀၀ဝိ) | (၅) နေရာ | အခြေခံပညာမူလတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ |

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်–

(က) အမည်

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ဂ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)

(ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ

(င) ဖခင်အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(စ) ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ်

(ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့်ဆက်သွယ်ရန်လိပ်စာ

(ဇ) ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲပေးပို့ရမည်–

(က) ပညာအရည်အချင်းထောက်ခံချက်

(၁) အမှတ်စဉ်၁။(က)မှ(ဃ)အထိအတွက် ဘွဲ့လက်မှတ်ထောက်ခံချက်မိတ္တူ၊ အမှတ်စာရင်းမိတ္တူနှင့် အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်မိတ္တူ၊

(၂) အမှတ်စဉ်၁။(စ)အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ၊

(၃) အမှတ်စဉ်၁။(င)နှင့်(ဆ)အတွက် အခြေခံပညာအလယ်တန်းအောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ၊

(၄) အမှတ်စဉ်၁။(ဇ)နှင့်(ဈ)အတွက်အခြေခံပညာမူလတန်းအောင်မြင်ကြောင်း ထောက်ခံ ချက်မိတ္တူ

(ပညာအရည်အချင်းထောက်ခံချက်အတွက် အောင်လက်မှတ်ကို မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်၊

(ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်း ခံရသူများ လျှောက်ထားခွင့်မရှိပါ၊

(ဃ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိခံဝန်ချက်၊

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူနှင့် လွန်ခဲ့သော (၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်း ထောက်ခံချက်မူရင်း၊

(စ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ ဓာတ်ပုံကျောဖက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်၊

(ဆ) အမှတ်စဉ် ၁။(က)မှ(ဂ)အထိ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၅)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေကျပ်(၄)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊

(ဇ) အမှတ်စဉ် ၁။ (ဃ)မှ(ဈ)အထိ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၂)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊

၄။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်တွင် အသက်(၃၀)နှစ် မကျော်သူဖြစ်ရမည်။လျှောက်လွှာများကို(၂၃-၈-၂၀၂၄) ရက်နေ့ ၁၆:၃၀ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စံပယ်အိမ်ရာရှေ့၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့်မပြည့်စုံသူများ၊ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုရမည့်သူစာရင်းနှင့် ဖြေဆိုရမည့်နေ့ရက်၊ အချိန်၊ နေရာတို့ကို နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး၊ Food and Drug Administration. Facebook နှင့် FDA Website- www.fda.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက နေပြည်တော် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇၃ - ၄၀၃၈၄၇ ၊ ၀၆၇၃ - ၄၀၃၅၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။